# သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

## နစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရန် အစိုးရ၏ ဖိတ်ကြားခြင်းနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ (၉)ရက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဌတို့ တွေ့ဆုံဆွေးနွေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)မှတဆင့် တရားဝင် ဖိတ်ကြားလာခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာပါသည်။

၁။ အစိုးရ၏ ဖိတ်ကြားခြင်းသည် နှစ်ဦးနှစ်ဖက်အကြား ယုံကြည်မှုကို ပိုမိုခိုင်မာလာစေသည်ဟု ယူဆသည့်အတွက် ဥက္ကဌ ဗိုလ်ချုပ်ကြီး ယွက်စစ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ သွားရောက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် တပ်မတော်ခေါင်းဆောင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်သကဲ့သို့ ရန်ကုန်တွင်လည်း နိုင်ငံရေးပါတီများ၊ နိုင်ငံတကာ သံတမန်များနှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်ပါသည်။

၂။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ နှင့် ပြည်သူလူထုအတွက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ဤခရီးစဉ်အတွင်း သက်ဆိုင်ရာ ခေါင်းဆောင်များနှင့် ညှိနှိုင်း ဆွေးနွေးသွားမည် ဖြစ်ပါသည်။

၃။ RCSS ကိုယ်စားလှယ်အဖွဲ့၏ နေပြည်တော်-ရန်ကုန် ခရီးစဉ်သည် ယုံကြည်မှုတည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်းတို့ကို များစွာ အထောက်အပံ့ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်-

၁။ ဗိုလ်မှူးကြီး စိုင်းငင်း +၉၅ ၉၄၂၈ ၃၃၃ ၈၅၅၊ +၆၆ ၈၆ ၁၉၄ ၀၁၇၉

၂။ ဒုတိယ ဗိုလ်မှူးကြီး စိုင်းမိဂ်ၢး +၉၅ ၉၇၇၁ ၄၉၅ ၅၁၉  +၆၆ ၉၁ ၀၆၇ ၉၈၁၁